ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

**(ဒုတိယနှစ်စက်ဝန်း)**

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


**ပူတာအိုမြို့နယ်**

**၂၀၁၉ ခုနှစ်** **ဝင်းလုံကျေးရွာ** **ပမ္မတီးကျေးရွာအုပ်စု**


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်များ | |
| | (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆ |
| | (ခ) ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၈-၁၁ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၂ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၃ |
| | (စ) ဇင်းပုံစံ | ၁၄-၁၅ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၆ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၇ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၈-၁၉ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၀ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၁-၂၆ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၇-၃၀ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၁-၃၅ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၃၇-၃၈ |

၁။ မြို့နယ်မြေပုံ


ပူတာအိုမြို့နယ် အခြေပြမြေပုံ
အိန္ဒိယနိုင်ငံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက္မ = ၄ မိုင်
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာခြားနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)


ပူတာအိုမြို့နယ်ပမွတီးကျေးရွာအုပ်စုပြမြေပုံ
ပမွတ်းကျေးရွာအုပ်စု
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
မန်စေခွန်ကျေးရွာအုပ်စု
မန်စေကျေးရွာအုပ်စု
နမ်ရှယ်ကော့
ကော့နောင်
ဝင်းလုံ
နောင်ယာန်
မချမ်းဘောမြို့နယ်
မလိဆာရ်း
ညံဆာလာဒီ
နမ်ရှယ်
မလိခေါမ်
ရေနီကို
ဝမ်ခွမ်ဒမ်း
ပမွတီး
နမ်ရှယ်ရှိဒီ
ရေဘုဒီ
ဂျေရှိဒီ
နမ်ရှယ်ခွပ်
နမ်ပလပ်ချောင်း
ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စု
ခာမူးလဲ့ကျေးရွာအုပ်စု
ပူတောင်ကျေးရွာအုပ်စု
ရည်ညွှန်းချက်
၁။ နိုင်ငံခြားနယ်နိမိတ်
၂။ မြို့နယ်ခြားနယ်နိမိတ်
၃။ ရပ်ကွက်/ ကျေးရွာအုပ်စုခြားနယ်နိမိတ်
၄။ ရပ်ကွက်/ ကျေးအုပ်စုအုပ်ချုပ်ရေးမှူးရုံး
၅။ ပညာရေးကျောင်း
၆။ ပြည်သူ့ရဲတပ်ဖွဲ့စခန်း
၇။ ဘုန်းကြီးကျောင်း
၈။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း
၉။ ကျန်းမာရေးဌာန
၁၀။ ကျေးရွာ
၁၁။ကာပ်စခန်း
၁၂။ကတ္တရာလမ်း
၁၄။မြစ်/ချောင်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ပမ္မတီးအုပ်စုတွင် ပါဝင်သော ကျေးရွာများမှာ -

(၁) ပမ္မတီး ကျေးရွာ

(၂) နမ်ရှယ်ရှိုးဒီကျေးရွာ

(၃) နမ်ရှယ်ကျေးရွာ

(၄) မလီဆားရ်ကျေးရွာ

(၅) မလိခေါင်ကျေးရွာ

(၆) ဂျေဂျီဒီကျေးရွာ

(၇) နမ်ရှယ်ဇွပ်ကျေးရွာ

(၈) ဝမ်ခွမ်ဒမ်းကျေးရွာ

(၉) ရေနီတိုကျေးရွာ

(၁၀) ညဲဆာလာဒီကျေးရွာ

(၁၁) ဝင်းလုံကျေးရွာ

(၁၂) နမ်ရှယ်ကော့ကျေးရွာ

(၁၃) ကော့နောင်ကျေးရွာ

(၁၄) နောင်းယန်ကျေးရွာ

**၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)**

(ဝင်းလုံ) ပတ်ဝန်းကျင် တိုင်းရင်းသားများခေါ်ဝေါ်မှုကြောင့် ဝင်းလုံဟု ကျေးရွာအမည် ဖြစ်ခဲ့သည်။ ကျေးရွာအမည်အရင်းမှာ ဝိန်းလုန်ဖြစ်သည်။ ဝိန်းလုန်ကျေးရွာတွင် ရှမ်းတိုင်းရင်းသားများ နေထိုင်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။

ဝင်းလုံ (ဝိန်းလုန်) ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ယခုလက်ရှိမန်နိကျေးရွာမှ မန်နိ အမျိုးများသည် စားဝတ်နေရေး မဖူလုံသောကြောင့် နမ့်ဆာထီး အထက်သို့တက်ပြီး ရွာတည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့နှင့် ကော့နောင်းအဖွဲ့တို့သည် နမ့်ဆာထီးကျေးရွာဟု အမည်မှည့်ခဲ့သည်။ ယခု နမ့်ဆာထီး ကျေးရွာသည် ထုံထုကျေးရွာဖြစ်သည်။ ၎င်းနေရာ၌ ယခုထိ ဘုန်းတော်ကြီးကျောင်းနေရာ ကျန်ရစ်နေသည်။ ကျောင်းထိုင် ဆရာတော်မှာ ကောင်းမှုလုန်စေတီပြုပြင်ရာတွင် ဦးဆောင်သော ဆရာတော် ဘဒ္ဒန္တ ဦးအာရိယဖြစ် သည်။ ၎င်းကျေးရွာသည် ခုနှစ် (၁၃၁၀ ဝါခေါင်လဆန်း ၄ ရက်)တွင် စစ်ကိုင်းငလျင်ကြောင့် ပျက်စီးခဲ့၍ ယခု ဝိန်းလုန် ကျေးရွာတွင် ဆရာတော်ဦးစီးတည်ထောင်ခဲ့သည်။ ရွာအမည်မှာ ဝိန်းမတောင်ကို အစွဲပြု၍ ဝိန်းလုန် ကျေးရွာဟု အမည်တွင်ခဲ့သည်။ ထိုအချိန်မှစ၍ ယခုအချိန်ထိ ရွာစောင့်နတ် ပူဖော်ပသလာခဲ့ သည်။ ဤဝိန်းမတောင် ကို ဘိုးဘွားများဖြစ်ကြသော ဩစပ်ဖစွေ၊ စဖကွယ်၊ စပ်နွဲ့မန်ဆာ၊ ဦးစပ်နွဲ့စိန်လစ် နမ့်ဆလီး အဖွဲ့ ကော့နောင်းအဖွဲ့ ဦးဆောင်သော ဦးစပ်နွဲ့မန်းကြီးတို့သည် ဝိန်းမတောင်ကို ပသလာခဲ့သည်။ ထို့ကြောင့် ကျေးရွာလူထုသည် လည်း ဘိုးဘွားများပြုလုပ်ခဲ့သော နည်းအတိုင်း ဆက်လက် ထိန်းသိမ်းလျှက်ရှိ သည်။

ဝင်းလုံ (ဝိန်းလုန်) ကျေးရွာရှိ ရှမ်းတိုင်းရင်းသားတို့သည် လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင် စားသောက်ကြပြီး အခြားအခင်းများလည်း အနည်းငယ် လုပ်ကိုင်သည်။ ကျေးရွာတွင် အိမ်ခြေဦးရေ ၂၃ အိမ်ရှိပြီး လူဦးရေမှာ ၁၃၈ ယောက်ရှိသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပြီး ဘာသာတရား ကိုင်းရှိုင်း သော ရွာလေးတစ်ရွာဖြစ်သည်။

မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၃ | ၅ | ၈ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂ | ၄ | ၆ | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၃ | ၅ | ၈ | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီစွင့်ပြပြက္ခဒိန် | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၃ | ၅ | ၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂ | ၄ | ၆ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၁၄.၃.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂ | ၄ | ၆ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ




### လူမှုရေးအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ဝင်းလုံကျေးရွာသည် ပူတာအိုမြို့နှင့် (၁၀) မိုင်အကွာအဝေးတွင်တည်ရှိပြီး ပမ္မတီးအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာအတွင်းတွင် ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြသည်။ ဝင်းလုံကျေးရွာတွင် အိမ်ထောင်စု (၂၃) အိမ်ထောင်စုနေထိုင်ကြပြီး၊ အဓိက အသက်မွေး ဝမ်းကြောင်းများမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ တောင်ယာအခင်းများ၊ အာလူးအခင်းများ လုပ်ကိုင်ပြီး အပို ဝင်ငွေရရှိအောင် လုပ်ကိုင်ကြသည်။ ဝင်းလုံကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ (၄) အိမ်မျှရှိပြီး၊ လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ ဝင်းလုံကျေးရွာတွင် မူလတန်းကျောင်း၊ စေတီ၊ ဘုန်းကြီးကျောင်းများ ရှိသည်။ ကျေးရွာနှင့် ချိတ်ဆတ်ထားသောလမ်းမှာ ကျောက်ကြမ်း လမ်းများဖြစ်သည်။ ကျေးရွာမြေပုံကိုကြည့်ပြီး ၎င်းကျေးရွာလိုအပ်ချက်များမှာ မူကြိုကျောင်း၊ ရွာတွင်းလမ်း၊ ရေတွင်း၊ နမ်ပလချောင်းကူးတံတား၊ ရေပြွန်ပိုက်လုံး၊ ဆေးပေးခန်း စသည်တို့ဖြစ်သည်။ ကျေးရွာအရင်းအမြစ်များမှာ သစ်၊ တော၊ လယ်ယာ၊ သဲကျောက် စသည်တို့ဖြစ်ကြသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်။

မှတ်တမ်းတင်သူ -

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ဝိုင်းလုံး - ကျေးရွာ၊ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ အဆင့် | ဆန်စက်၊ လယ်ထွန်စက်၊ ၇ ဧက (လယ်)၊ သွပ်မိုး ပျဉ်ကာ၊ ကျွဲ၊ နွား (၁၅) ကောင်၊ | ၃ အိမ် | ၁၃ % |
| အလယ်အလတ် အဆင့် | ဆိုင်ကယ်၊ လယ် (၅) ဧက၊ သွပ်မိုး ထရံကာ ကျွဲ၊ နွား (၅) ကောင် | ၈ အိမ် | ၃၅ % |
| ဆင်းရဲ | ဆိုင်ကယ်၊ လယ် (၁) ဧက၊ သက်ကယ်မိုး ထရံကာ၊ | ၈ အိမ် | ၃၅% |
| အလွန်ဆင်းရဲ | လက်လုပ်လက်စား၊ ဝါး၊ အိမ် | ၄ အိမ်<br>၂၃ | ၁၇% |

ဥစ္စာဓန ကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)


ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၃) အိမ်ရှိသည်။ အလွန်နွမ်းပါးသော အိမ်ထောင်စုမှာ (၄) အိမ်ထောင်စု ရှိသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ လယ်ယာမရှိခြင်း၊ ကျွဲ၊ နွားမရှိခြင်း၊ ကြုံရာကျပန်း၊ အလုပ်အကိုင်ဖြင့် လုပ်ကိုင်စားသောက်ရသောကြောင့် အလွန်နွမ်းပါးခြင်းဖြစ်သည်။ မပြေလည်သော အုပ်စုတွင် အိမ်ထောင်စု (၈) အိမ်ထောင်စု ရှိသည်။ ဆိုင်ကယ်၊ လယ် (၁) ဧက၊ သက်ကယ်မိုး၊ ထရံကာ ပိုင်ဆိုင်ကြသူများ ဖြစ်ကြသည်။ အလယ်အလတ်အဆင့်တွင် အိမ်ထောင်စုများမှာ (၈) အိမ်ထောင်စုရှိသည်။ ဆိုင်ကယ်၊ လယ် (၅) ဧက၊ သွပ်မိုး၊ ထရံကာ ကျွဲ၊ နွား (၅) ကောင် တို့ဖြစ်ကြသည်။ ချမ်းသာသော အုပ်စုတွင်အိမ်ထောင်စု (၃) အိမ်ထောင်စုရှိပြီး ဆန်စက်၊ လယ်ထွန်စက်၊ လယ် (၇) ဧက သွပ်မိုး၊ ပျဉ်ကာ၊ ကျွဲ၊ နွား (၁၅) ကောင်တို့ ဖြစ်သည်။ အလွန်နွမ်းပါးသော အိမ်ထောင်စုများကို စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းတို့တွင် ပါဝင်လုပ်ကိုင် စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး၊ ဝင်ငွေတိုးကာ မိသားစု အဆင်ပြေ တိုးတက်လာမည် ဖြစ်သည်။


မှတ်တမ်းတင်သူ -

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း




ဝင်းလုံ ကျေးရွာ၊ အရင်းအမြစ်ထိန်းချုပ်မှုပြဇယား
သစ်တော
သစ်စက်
ဘောလုံးကွင်း
ကျွဲ၊ နွား
ရေတွင်း၊ ရေကန်
ဆိုင်ကယ်
ကား
အိမ်
သုံးဘီး
ဟောခန်း
ယက္ကန်းစင်
အပ်ချုပ်စက်
လယ်ယာ
အခင်း
စေတီ
စာသင်ကျောင်း
ဗီဒီယို (TV)
ဈေးဆိုင်
မီးဖိုချောင်

**ပိုင်ဆိုင်မှုသုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


အမျိုးသားရော အမျိုးသမီးပါ သုံးစွဲကြသော အရာများမှာ များပြားလှသည်။ ဥပမာ - ဆိုင်ကယ်၊ လယ်ယာ၊ အိမ်၊ ကား၊ ဘုန်းကြီးကျောင်းဝင်း၊ ရေတွင်း၊ ရေကန်၊ စေတီ၊ တီဗီ၊ ဈေးဆိုင်၊ လယ်ယာ၊ အစည်းအဝေး ခန်းမဆောင်၊ စာသင်ကျောင်းတို့ကို အတူသုံးစွဲကြသည်။ အရင်းအမြစ်များအား အမျိုးသား၊ အမျိုးသမီးအတူ သုံးစွဲကြသော်လည်း အမျိုးသားများကသာ အများစုကို ထိန်းချုပ်ထားကြသည်။ ဥပမာ - သစ်တော၊ လယ်ထွန်စက်၊ သစ်စက်၊ ဘောလုံးကွင်း၊ ကျွဲ၊ နွား၊ ရေတွင်း၊ ရေကန်၊ ဆိုင်ကယ်၊ ကား၊ အိမ်၊ သုံးဘီး၊ ဟောခန်း၊ ဘုန်းကြီးကျောင်း စသည်တို့ဖြစ်သည်။ အမျိုးသမီးများက အနည်းစုဖြစ်သော အရင်းအမြစ်ကိုသာ ထိန်းချုပ်ခွင့်ရကြသည်။ ဥပမာ - ယက္ကန်းစင်၊ အပ်ချုပ်စက်တို့ဖြစ်သည်။ အမျိုးသမီးများအား လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ပိုင်ခွင့် ပေးခြင်းဖြင့် အရင်းအမြစ်များကို အမျိုးသားများနှင့်တန်းတူ ပိုင်ဆိုင်မှုရှိနေကြောင်း တွေ့ရသည်။


မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

**(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း**





**ပင့်ကူအိမ်ပြဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


အမျိုးသားများသည် ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ဝင်ငွေရှာဖွေနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ မိသားစဦးဆောင်နိုင်မှု၊ အဖွဲ့အစည်းများ၌ ပါဝင်မှုတို့တွင် အမျိုးသမီးများထက် လွှမ်းမိုးထားကြသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု၊ ပညာသင်ယူမှုတို့တွင် အမျိုးသားများထက် အားသာကြောင်း၊ လူမှုရေးတွင် ပူးပေါင်းပါဝင်မှု၊ ဥစ္စာခနပိုင်ဆိုင်မှုတို့တွင် အမျိုးသားများနှင့်တန်းတူ လုပ်ဆောင် နေကြောင်း တွေ့ရသည်။ အမျိုးသမီးများအား အဖွဲ့အစည်းကော်မတီများတွင် ပါဝင်စေခြင်းနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ပေးခြင်းဖြင့် အမျိုးသမီးစွမ်းဆောင်ရည် မြင့်တက်လာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် ပိုမိုပါဝင်လာနိုင်မည်ဖြစ်သည်။

မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## (င) ရာသီခွင်ပြပြက္ခဒိန်



**ရာသီခွင်ပြပြက္ခဒိန် (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)**

ဝင်းလုံကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ ရာသီအလိုက် သီးနှံများ စိုက်ပျိုးကြသည်။ ပြောင်း၊ စပါး၊ မုံညင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲသီး၊ ဖရုံသီး၊ အာလူး စသည်တို့ကိုလည်း ရာသီအလိုက်စိုက်ပျိုးကြသည်။ ရာသီပွဲတော်များအနေဖြင့် ကောင်းမှုလုံ့ပွဲ၊ သင်္ကြန်ပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲစသည့် ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားသောပွဲတော်များ နှစ်စဉ်ကျင်းပကြသည်။ မတ်လနှင့် မေလတွင် ရာသီဥတု သာယာကာ၊ ဇွန်လမှ စက်တင်ဘာလတို့တွင် မိုးများပြီး၊ ကျန်သောလများတွင် သာယာသည်။ ဇန်နဝါရီလမှ မေလတို့တွင် ကျန်းမာရေး ကောင်းကြောင်း၊ ဇွန်လမှ စက်တင်ဘာလတို့တွင် ကျန်းမာရေးအသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ဝင်ငွေ၊ ထွက်ငွေ မညီမျှကြောင်း တွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ဇွန်လနှင့် အောက်တိုဘာလတို့တွင် မိုးများသောကြောင့် သွားလာရ ခက်ခဲပြီး ကျန်သောလများတွင် လမ်းပန်းဆက်သွယ်ရေးကောင်း သည်။


မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(စ) ပင်းပုံစံ






**ဗင်းပုံစံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ဝင်းလုံကျေးရွာအတွင်း ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ World Concern၊ MAM၊ CF၊ ကျောင်းကော်မတီအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ဖြစ်ကြသည်။ ကျေးရွာပြင်ပ မှ လာရောက်ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ NGO၊ သစ်တောဦးစီးဌာန၊ ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေး၊ ဘာသာရေး၊ ကျေးလက်ဦးစီးဌာနတို့ဖြစ်သည်။ ကျေးရွာတွင် MAM၊ CF၊ အုပ်ချုပ်ရေး အဖွဲ့သည် လွှမ်းမိုးမှုများနှင့် ဝင်းလုံကျေးရွာတွင် အရေးပါသော အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင် ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ နှင့် ဝေါကွန်ဆန်း အဖွဲ့မှာလည်း အရေးပါကြောင်းတွေ့ရသည်။ အဖွဲ့အစည်းချိတ်ဆက်မှု အားနည်းကြောင်း အချုပ်လေ့လာတွေ့ရသည်။ ကျေးရွာအတွင်ရှိအဖွဲ့အစည်း အားလုံးများကို အမျိုးသားများမှ ဦးဆောင်ဆုံးဖြတ်၍ အမျိုးသမီးများမှ အကြံပေး ကူညီကြသည်။

မှတ်တမ်းတင်သူ -

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

၆။ (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ

(ဝင်းညို) ၁ ကျေးရွာ — အမျိုးသား

| အခက်အခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
| --- | --- | --- |
| ၁။ လမ်း (ရွာတွင်းလမ်းကြားများမကောင်း၍ အခက်ခဲရှိသည်။) | ၁။ ကျောက်ချောလမ်း ရရှိရန် မျှော်မှန်းသည်။ | ၁။ ကျောက်ချောလမ်းခင်းရန် လုပ်မည်။ |
| ၂။ ရွာတွင်းတံတားမကောင်း၍ အခက်အခဲရှိသည်။ | ၂။ ရွာတွင်းတံတား မြင့်မြင့် ရရှိရန် မျှော်မှန်းသည်။ | ၂။ ရွာတွင်းတံတားမြှင့်ရန် လုပ်မည်။ |
| ၃။ အစည်းအဝေးခန်းမ တည်ဆောက်ရန် အခက်ခဲရှိသည် | ၃။ အစည်းအဝေးခန်းမဆောက်လုပ်ရန် မျှော်မှန်းသည်။ | ၃။ အစည်းအဝေးခန်းမဆောက်လုပ်ရန် လုပ်ငန်း |
| ၄။ မူကြိုကျောင်းမရှိ၍ ကလေးပညာရေး အခက်အခဲရှိသည်။ | ၄။ မူကြိုကျောင်းဆောင် ရရှိရန် မျှော်မှန်းသည်။ | ၄။ မူကြိုကျောင်းဆောင်ဆောက်လုပ်ရန် လုပ်ငန်း |
| ၅။ လျှပ်စစ်မီး မရှိ၍ ကလေးများ စာကျက်ရန် အခက်ခဲရှိသည်။ | ၅။ လျှပ်စစ်မီး ရရှိရန် မျှော်မှန်းသည်။ (အစိုးရမီး) | ၅။ လျှပ်စစ်မီး ရရှိရေးလုပ်ငန်း (အစိုးရမီး) |
| ၆။ ရေကောင်းရေသန့်မရရှိ၍ အခက်ခဲရှိသည်။ | ၆။ ရေကောင်းရေသန့် ရရှိ၍ ရွာသားများ ကျန်းမာရေးကောင်းမွန်လာစေရန် မျှော်မှန်းသည်။ | (၆) စိမ့်စမ်းရေသွယ်ပိုက် ရရှိရေးလုပ်ငန်း |

အမျိုးသား၊ အမျိုးသမီးတူညီသော အခက်အခဲများမှာ ရွာအဝင် ရွာတွင်းလမ်းကြားမကောင်း၍ သွားလာရခက်ခဲခြင်း၊ ရေကောင်းရေသန့်မရှိ၍ သောက်သုံးရေ ခက်ခဲခြင်း၊ အစည်းအဝေးခန်းမဆောင် မရှိ၍ စုဝေးရန် ခက်ခဲခြင်း၊ မူကြိုကျောင်းမရှိ၍ ကလေးများ သင်ကြားရန်ခက်ခဲခြင်း တို့ဖြစ်သည်။ အမျိုးသားများ သီးသန့် တင်ပြထားသော အခက်အခဲများမှာ ရွာတွင်းတံတားမကောင်း၍ သွားလာရ အခက်အခဲဖြစ်ခြင်း၊ လျှပ်စစ်မီး မရှိ၍ ကလေးသူငယ်များ စာကျက်ဖို့ ခက်ခဲခြင်းတို့ဖြစ်သည်။ အမျိုးသမီးများ သီးသန့် တင်ပြထားသော အခက်အခဲများမှာ လယ်တောသွား ချောင်းကူးတံတား မရှိ၍ သွားလာရခက် ခဲခြင်း စာသင်ကျောင်း ခိုင်ခံ့မှုမရှိသဖြင့် လုံခြုံမှုခက်ခဲခြင်း၊ ကျောင်းဆောင်မလုံလောက်သဖြင့် ခက်ခဲခြင်းနှင့် မူကြိုဆရာမ လစာ ပံ့ပိုးပေးရန် ခက်ခဲခြင်း တို့ဖြစ်သည်။

မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(၈) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)

(ဝင်းလုံ...) ကျေးရွာ

အမျိုးသမီး

| အခက်အခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
| --- | --- | --- |
| ၁။ ရွာအဝင်လမ်း ပျက်စီးနေသဖြင့် သွားလာရန် ခက်ခဲသည်။ | ၁။ ရွာအဝင်လမ်း ကောင်းလာသဖြင့် သွားလာရန် လွယ်ကူလာမည်။ | ၁။ ရွာအဝင်လမ်း ခင်းရေး |
| ၂။ လယ်တောသွားချောင်းကူး တံတား မရှိသဖြင့် သွားလာရန် ခက်ခဲသည်။ | ၂။ လယ်တောသွားချောင်းကူးတံတား ရှိလာသဖြင့် သွားလာရန် လွယ်ကူလာမည်။ | ၂။ လယ်တောသွားချောင်းကူး တံတား တည်ဆောက်ရေး |
| ၃။ ရေတွင်း မရှိသဖြင့် သောက်သုံးရေ ခက်ခဲသည်။ | ၃။ ရေတွင်း ရှိလာသဖြင့် သောက်သုံးရေ ပြေလည်လာမည်။ | ၃။ ရေတွင်း တူးဖော်ရေး |
| ၄။ မူကြိုကျောင်း မရှိသဖြင့် ကလေးများ ပညာရေး နောက်ကျနေသည်။ | ၄။ မူကြိုကျောင်း ရှိလာသဖြင့် ကလေးများ ပညာရေး မြင့်တက်လာမည်။ | ၄။ မူကြိုကျောင်း ဆောက်လုပ်ရေး |
| ၅။ စာသင်ကျောင်း ခိုင်ခံ့မှု မရှိသဖြင့် လုံခြုံမှု ခက်ခဲသည်။ | ၅။ စာသင်ကျောင်း ပြုပြင်လာသဖြင့် လုံခြုံမှု ရှိလာမည်။ | ၅။ စာသင်ကျောင်း ပြုပြင်ရေး |
| ၆။ အစည်းအဝေး ခန်းမ မရှိသဖြင့် ရွာထဲ အစည်းအဝေး ပြုလုပ်ရန် ခက်ခဲသည်။ | ၆။ အစည်းအဝေး ခန်းမ ရှိလာသဖြင့် ရွာတွင် အစည်းအဝေးပြုလုပ်ရာတွင် အဆင်ပြေလာမည်။ | ၆။ အစည်းအဝေး ခန်းမ တည်ဆောက်ရေး |
| ၇။ မူကြို ဆရာမ လစာ ပေးနိုင်ရန် ခက်ခဲသည်။ | ၇။ မူကြို ဆရာမ လစာ ရရှိလာသဖြင့် လစာအတွက် လွယ်ကူလာမည်။ | ၇။ မူကြို ဆရာမ လစာ ထောက်ပံ့ရေး |
| ၈။ ကျောင်းဆောင် တိုးချဲ့ [illegible] | ၈။ ကျောင်းဆောင် တိုးချဲ့ ပြုပြင်လာသဖြင့် ကလေးများ ပညာသင်ကြားရာတွင် လွယ်ကူလာမည်။ | ၈။ KG ဆောင် ဆောက်လုပ် ပြင်ဆင်ရေး |

အမျိုးသားရော၊ အမျိုးသမီးပါ မျှော်မှန်းထားသည့် မျှော်မှန်းချက်များမှာ ရွာတွင်းလမ်းကြားများ ကောင်းမွန် လာစေရန်အတွက် သဲကျောက်လမ်းခင်းရန်၊ သောက်သုံးရေလုံလောက်စွာ ရရှိရန် ရေတွင်း ပြုလုပ်ရန်၊ အစည်းအဝေး ခန်းမဆောင်ဆောက်လုပ်စေခြင်းဖြင့် လူထုစုဝေးမှု လွယ်ကူလာစေရန်၊ မူကြိုကျောင်း ရှိလာသဖြင့် ကလေးသူငယ်များ ပညာရေးမြင့်တက်လာစေရန် မျှော်မှန်းထားကြသည်။ အမျိုးသားများက ရွာအဝင် တံတားများကို ရေမြှုန်ပိုက်လုံးထည့်ခြင်းဖြင့် သွားလာရအဆင်ပြေလာစေရန်၊ လျှပ်စစ်မီး ရရှိလာစေရန်တို့ ဖြစ်သည်။ အမျိုးသမီးများက လယ်တောသွား ချောင်းကူးတံတားရှိလာသဖြင့် သွားလာရ အဆင်ပြေလာစေရန်၊ စာသင်ကျောင်းများ ပြုပြင်လာသဖြင့် လုံခြုံမှု ရှိလာစေရန်၊ ကျောင်းဆောင်တိုးချဲ့ ပြုပြင်လာသဖြင့် ကလေးများ ပညာသင်ကြားရာတွင် လွယ်ကူစေရန်နှင့် မူကြိုဆရာမ လစာရရှိလာသဖြင့် လစာ အတွက် လွယ်ကူလာစေရန် မျှော်မှန်းထားသည်။

မှတ်တမ်းတင်သူ -

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

# ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ

ဝင်းလုံကျေးရွာ 14.3.2019

| စဥ် | ဖွံ့ဖြိုးရေးလုပ်ငန်းများ | အသုံးပြုသူ | မဲရရှိမှု အရေအတွက် | ဦးစားပေးမှု အဆင့် |
|---|---|---|---|---|
| ၁။ | ရွာအတွင်းလမ်းမြေ ပြုပြင်ရန် | ကျ/မ | ၃၄ | ၁ |
| ၂။ | မူကြိုကျောင်း | ကျ/မ | ၀ | ၁၀ |
| ၃။ | အသုဘ အဝေးခုံးမ | ကျ/မ | ၂၁ | ၃ |
| ၄။ | ရေတွင်းတူးဖော်ရန် (4'×4'×16) | ကျ/မ | ၀ | ၉ |
| ၅။ | စာသင်ကျောင်းပြုပြင် | မ | ၂၀ | ၄ |
| ၆။ | ရွာတွင်းရေနုတ်မြောင်း | မ | ၁၅ | ၅ |
| ၇။ | မီးလင်းရေး | ကျ | ၄ | ၇ |
| ၈။ | အိမ်မမီးရေသွယ် | ကျ | ၁၃ | ၆ |
| ၉။ | ရွာအတွင်းတံတား ပြုပြင်ရန် | ကျ/မ | ၃ | ၈ |
| ၁၀။ | မူကြိုအာဟာရထောက်ပံ့ | မ | | ၁၁ |
| ၁၁။ | KG ဆောင် | မ | ၂၄ | ၂ |

**ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများသုံးသပ်ချက်**

အမျိုးသားရော၊ အမျိုးသမီးပါ ရွေးချယ်ထား ဦးစားပေးလုပ်ငန်းများမှာ ရွာတွင်းလမ်းပြုပြင်ရန်၊ မူကြို ကျောင်းဆောက်လုပ်ရန်၊ အစည်းအဝေးခန်းမဆောင် ဆောက်လုပ်ရန်၊ ရေတွင်းတူးဖော်ရန်၊ ရွာအဝင်တံတား ပြုပြင်ရန်များ ဖြစ်ကြသည်။ အမျိုးသားများ သီးသန့်တင်ပြသော ဦးစားပေးလုပ်ငန်းများမှာ မီးလင်းရေး လုပ်ငန်း ဖြစ်သည်။ အမျိုးသမီးများ သီးသန့်တင်ပြသောဦးစားပေးလုပ်ငန်းများမှာ စာသင်ကျောင်း ပြုပြင်ခြင်း၊ ရွာတွင်း ရေပြွန်ပိုက်ထည့်ခြင်း၊ KG ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၆။ ကျေးရွာအချက်အလက် (ပုံစံ-၁) ဒုတိယနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| | | | | |
|---|---|---|---|---|
| လမ်းညွှန်ချက်။ | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး ရန်မင်းဦး | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦး ကျော်နိုင်ဘာ | |
| ပြည်နယ်၊တိုင်းဒေသကြီး ကချင်ပြည်နယ် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ပန်မြတ်ကြီး | ကျေးရွာ ဝင်းကဲ့ | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၂၂ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ~~[illegible]~~ ၇၅ | ၆၆ |
| လူမျိုးစု (၁)---ရှမ်း--- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၉ | ၃ |

၁၄၁

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| (ကျောက်ကြမ်းလမ်း) ✓ | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဖယ်ပိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်✓/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၂၀ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်✓/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန် ၃၀ ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဖယ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) UNDP

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ ာ းခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ ရှိပါသည် ✓

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [signature] နေ့ 27.1.2019

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 27.1.2019

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး ဂုန်ခင်ရှိန် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉-458434181 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး ဩနိ ယာ | |
| ပြည်နယ်/တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပဖွတ်း | ကျေးရွာ<br>ဝဲးလုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ------------ ရှမ်း | ၂၃ | ဘာသာ (၁) ------------ ဗုဒ္ဓဘာသာ | ၂၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၅ | ၆၃ |
| လူမျိုးစု (၁)---ရှမ်း | ၇၅ | ၆၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၈ | ၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူသုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

- ၂၉ -

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၁ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၄ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ၄၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တတ်ထ ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့. ၁၂.၇.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၂.၇.၂၀၁၆

-၃၀-

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ဒုတိယနှစ်စက်ဝန်း

## ပုံစံ - စ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်နိုင်ဘာ | | | |
| နေ့စွဲ 14/3/2019 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု မန္တတိုး | ကျေးရွာ ဝစီးလူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14/3/2019 | 14/3/2019 | 5 | 9 | 14 | ဂျမ်း = 14 | 22 | 64% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14/3/2019 | 14/3/2019 | 5 | 9 | 14 | ဂျမ်း = 14 | 22 | 64% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 29.3.2019 | 29.3.2019 | 19 | 22 | 41 | ဗိုဇာ = 25၊ ဂရမ် = 9၊ ဂျိန်းဖော = 5၊ ဂျမ်း = 2 | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | | | | | | - - - - | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစည်ရေးဆွဲခြင်း | | | | | | - | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - | | |

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ပထမနစ်စက်ဝန်း

ပုံစံ - ၈ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး၈ျာ ဒီ ပအီ | | | |
| နေ့စွဲ ၁၂.၇.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ပန္နတီး | ကျေးရွာ ဆော်ဝင်းလုံ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၂.၇.၂၀၁၈ | ၁၂.၇.၂၀၁၈ | ၁၈ | ၁၇ | ၂၃ | ရှမ်း ၊ ၃၅ | ၂၃ | ၁၀၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၃.၇.၂၀၁၈ | ၁၂.၇.၂၀၁၈ | ၁၂ | ၁၄ | ၂၃ | ရှမ်း ၊ ၂၆ | ၂၃ | ၁၀၀% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၇.၂၀၁၈ | ၂၀.၇.၂၀၁၈ | ၂၃ | ၂၁ | ၄၄ | လီဆူ ၊ ရဝမ် ၊ ရှမ်း ၊ ကချင် ၄၀ ၈ ၄ ၂ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | 31.8.2018 | ၈၇.2018 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | 26.9.2018 | 26.9.2018 | ၈ | ၆ | ၁၄ | ရှမ်း ၊ ၁၄ | ၂၃ | ၆၁% |

- ၁၀ -

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ်ရေးဆွဲခြင်း | 26.9.2018 | 26.9.2018 | ၈ | ၆ | ၁၄ | [illegible] ¦ ၁၄ | ၂၃ | 61% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 26.9.2018 | 26.9.2018 | ၈ | ၆ | ၁၄ | [illegible] ¦ ၁၄ | ၂၃ | 61% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 10.11.2018 | 10.11.2018 | ၇ | ၁၂ | ၁၉ | [illegible] ¦ ၁၉ | ၂၃ | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 25.11.2018 | 25.11.2018 | ၇ | ၁၂ | ၁၉ | [illegible] ¦ ၁၉ | ၂၃ | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 30.11.2018 | 30.11.2018 | ၅ | ၆ | ၁၁ | [illegible] ¦ ၁၁ | ၂၃ | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 5.12.2018 | 5.12.2018 | ၇ | ၇ | ၁၄ | [illegible] ¦ ၁၄ | ၂၃ | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 18.12.2018 | 18.12.2018 | ၆ | ၇ | ၁၃ | [illegible] ¦ ၁၃ | ၂၃ | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 20.12.2018 | 20.12.2018 | ၇ | ၇ | ၁၄ | [illegible] ¦ ၁၄ | ၂၃ | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 27.12.2018 | 27.12.2018 | ၇ | ၁၂ | ၁၉ | [illegible] ¦ ၁၉ | ၂၃ | |

-၃၂-

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ဒုတိယနှစ်စက်ဝန်း

**ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်နိုင်ဘာ | | | |
| နေ့စွဲ 14/3/2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် မိုးကောင်း | ကျေးရွာအုပ်စု ပမ္မတီး | ကျေးရွာ ဝဲကလုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ရွာတွင်း လမ်းကြား များ မကောင်း၍ မိုးတွင်း၌ သွားလာရခက်ခဲသည်။ | ☐ ကျား ☐ မ ☑ ကျား + မ |
| ရွာတွင်း တံတား မကောင်း၍ သွားလာရခက်ခဲသည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| အစည်းအဝေး ခန်းမ မရှိသောကြောင့် စုဝေးရန် အခက်အခဲရှိသည် | ☐ ကျား ☐ မ ☑ ကျား + မ |
| စာသင်ကျောင်း ခြံစည်းရိုး မရှိသဖြင့် လုံခြုံမှု အားနည်းသည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| ကျောင်းဆောင် တိုးချဲ့မှု မရှိ၍ လုံလောက်မှုမရှိသဖြင့် အခက်အခဲရှိသည်။ | ☐ ကျား ☑ မ ☐ ကျား + မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ရွာတွင်း ကျောက်လမ်း ခင်းခြင်းဖြင့် သွားလာရလွယ်ကူလာမည်။ | ☐ ကျား ☐ မ ☑ ကျား + မ |
| ရွာတွင်း တံတား ပြုပြင် ရရှိရန် မျှော်မှန်းသည်။ | ☑ ကျား ☐ မ ☐ ကျား + မ |
| အစည်းအဝေးခန်းမဆောင် ရရှိရန် မျှော်မှန်းသည် | ☐ ကျား ☐ မ ☑ ကျား + မ |
| စာသင်ကျောင်း များ ပြုပြင်လာပါက ကလေးငယ်များ ပညာသင်ကြားရာတွင် လုံခြုံစိတ်ချစွာ သင်ကြားနိုင်မည်။ | ☐ ကျား ☑ မ ☐ ကျား + မ |
| ကျောင်းဆောင်တိုးချဲ့ပြီးဖြစ်ပါက ကျောင်းသားများ ပညာသင်ကြားရာတွင် လွယ်ကူလာမည်။ | ☐ ကျား ☑ မ ☐ ကျား + မ |

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်နိုင်ဆာ | | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် မိုးကောင်း | ကျေးရွာအုပ်စု ပမ္မတီ | ကျေးရွာ ဝင်းလုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်၎င်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| သောက်သုံးရေ လုံလောက်မှု မရှိသဖြင့် ကျန်းမာရေး ထိခိုက်လာသည်။ | ☐ ကျား ☐ မ ☑ ကျား+မ |
| လျှပ်စစ်မီး မရှိ၍ ကလေးများ စာကျက်ရန် အခက်အခဲရှိသည်။ | ☐ ကျား ☑ မ ☐ ကျား+မ |
| ကျေးရွာအတွင်း မူကြိုဆရာမများကို လစာများ မပေးနိုင်သည့်အတွက် ကျောင်းသားမိဘများ အခက်အခဲဖြစ်နေသည် | ☐ ကျား ☑ မ ☐ ကျား+မ |
| ကျေးရွာအတွင်း လယ်ယာမြေများအတွက် မြေဩဇာများ မရှိသဖြင့် စပါးအထွက်နှုန်း ကျသည့် အခက်အခဲရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+မ |
| ကျေးရွာအတွင်း ရွာသားများ အလုပ်ဝင်ငွေရရှိအောင် အလုပ်အကိုင်အခွင့်အလမ်း မရှိ၍ ရွာသားများ အခက်အခဲရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| သောက်သုံးရေ လုံလောက်မှု ရှိလာသဖြင့် ကျန်းမာရေး ကောင်းမွန်လာမည်။ | ☐ ကျား ☐ မ ☑ ကျား+မ |
| လျှပ်စစ်မီး ရရှိလာသဖြင့် ကလေးများ စာကျက်ရန် လွယ်ကူလာမည်။ | ☐ ကျား ☑ မ ☐ ကျား+မ |
| မူကြိုဆရာမ လစာများ ထောက်ပံ့ပေးနိုင်ရန် မျှော်မှန်းပါသည်။ | ☐ ကျား ☑ မ ☐ ကျား+မ |
| လယ်ယာမြေများအတွက် မြေဩဇာများ ထောက်ပံ့ပေးပြီး စပါးအထွက်နှုန်း တိုးလာရန် မျှော်မှန်းပါသည်။ | ☑ ကျား ☐ မ ☐ ကျား+မ |
| ကျေးရွာအတွင်း ရွာသားများ အလုပ်ဝင်ငွေ ရရှိအောင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန် မျှော်မှန်းပါသည်။ | ☑ ကျား ☐ မ ☐ ကျား+မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား +အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင် သတ်မှ တ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူခ န့်မှန်းခြေအရေအတွ က် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာအတွင်း သဲကျောက် လမ်း ခင်း ရန် | က/မ | လမ်း တံတား | ၁ | ၄၅၀၀,၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၂ | KG ဆောင် | မ | အခြေခံ အဆောက် အအုံ | ၂ | ၃၆၀၀,၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၃ | အစည်း အဝေး ခန်းမ | က/မ | အခြေခံ အဆောက် အအုံ | ၃ | ၈၅၀၀၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၄ | စာသင်ကျောင်း ပြုပြင် ခြင်း | မ | အခြေခံ အဆောက် အအုံ | ၄ | ၃၆၀၀၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၅ | ရေမြောင်းပိုက်ထည့် ရန် ရွာတွင်း တံတား | မ | လမ်း တံတား | ၅ | ၆၀၀၀၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၆ | ရေရရှိရေး | က/မ | ရေရရှိ ရေး | ၆ | ၆၀၀၀၀၀၀ | ၇၅ | ၆၆ | ၁၄၁ |
| ၇ | လျှပ်စစ်မီး ရရှိရေး | မ | မီးရရှိ ရေး | ၇ | ၇၅၀၀၀၀၀ | ၇၅ | ၆၆ | ၁၄၁ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မူကြိုဆရာမထောက်ပံ့ငွေ | မ | အခြား |
| ၂ | မြေဩဇာထောက်ပံ့ခြင်း | က | စိုက်ပျိုးရေး |
| ၃ | အမျိုးသားများ [illegible] ရှိသော အလုပ်အကိုင်ဖန်တီးခြင်း | က | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဒေါ်အေးအေးဆိုင် လက်မှတ် [signature] နေ့စွဲ 29.13.2019

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ပထမ နှစ်စက်ဝန်း

ပုံစံ - စ - ၃ ကျေးရွာဖွံ့ ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဥါးနို ယို | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ပဆွတ် | ကျေးရွာ ဝင်းကျုံ |

က။ **အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း**-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်း (ရွာတွင်း လမ်း ကားလမ်းကောင်း) မရှိ၍ သွားလာရန် အခက်အခဲရှိသည် | ၁ | ရွာအဝင်လမ်း မကောင်းသဖြင့် သွားလာရန် ခက်ခဲသည်။ |
| ၂ | ရွာတွင်း တံတား မကောင်း၍ အခက်အခဲရှိသည်။ | ၂ | လယ်တော သွားချောင်းကူး တံတား မရှိသဖြင့် သွားလာရန် ခက်ခဲသည်။ |
| ၃ | အစည်းအဝေး တည်ဆောက်ရန် အခက်အခဲဖြစ်သည်။ | ၃ | ရေတွင်း မရှိသဖြင့် သောက်သုံးရေ အခက်အခဲဖြစ်သည်။ |
| ၄ | မူကြိုကျောင်း မရှိ၍ ကလေးများ ပညာရေး အခက်အခဲရှိ | ၄ | မူကြိုကျောင်း မရှိသဖြင့် ကလေးပညာရေး နှောက်နှေးသည်။ |
| ၅ | ရေကောင်း ရေသန့် မရရှိ၍ အခက်အခဲရှိသည်။ | ၅ | စာသင်ကျောင်း ခိုင်ခံ့မှုမရှိ၍ ကျောင်းလုံခြုံမှု အခက်အခဲဖြစ်သည်။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး** အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်း ကျောက်ချော ခင်းရန် မျှော်မှန်းသည်။ | ၁ | ရွာအဝင်လမ်းကောင်းလာသဖြင့် သွားလာရလွယ်ကူမည် |
| ၂ | ရွာတွင်း တံတား ပြုပြင်ရရှိရန် | ၂ | လယ်တော သွားချောင်းကူး တံတား ရှိလာသဖြင့် သွားလာရန် လွယ်ကူမည်။ |
| ၃ | အစည်းအဝေး ခန်းမဆောင် လုပ်ရန် | ၃ | ရေတွင်းကောင်းလာသဖြင့် သောက်သုံးရေ ဖူလုံမည် |
| ၄ | မူကြိုကျောင်း ဆောက်လုပ်ရန် | ၄ | မူကြိုကျောင်း ရှိလာခြင်းဖြင့် ကလေးပညာ မြင့်တက်လာမည်။ |
| ၅ | ရေကောင်းရေသန့် ရရှိ၍ ကျေးရွာသားများ ကျန်းမာရေး ကောင်းမွန်လာစေရန် | ၅ | စာသင်ကျောင်း ပြုပြင်ခြင်းဖြင့် လုံခြုံမှုရှိလာမည်။ |

-၃၃-

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျုံးဝင်သောဦးစားပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း တံတားပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၈၀၀၀၀၀၀ | ၁၃၈ ယောက် |
| ၂ | မီးလင်းရေး | အမျိုးသား | ၇၅၀၀၀၀၀ | ၁၃၈ ယောက် |
| ၃ | ရွာတွင်းရေ နုတ်မြောင်း | အမျိုးသမီး | ၆၀၀၀၀၀၀ | ၁၃၈ ယောက် |
| ၄ | စာသင်ကျောင်း ပြုပြင် | အမျိုးသမီး | ၃၆၀၀၀၀၀ | ၁၃၈ ယောက် |
| ၅ | ရွာတွင်း လမ်း ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၄၀၀၀၀၀၀ | ၁၃၈ ယောက် |
| (၆) | ရေတွင်း တူးခြင်း | အမျိုးသား+အမျိုးသမီး | ၆၀၀၀၀၀၀ | ၁၃၈ ယောက် |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျုံးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လယ်တောသွား တံတား ဆောက်လုပ်ခြင်း | အမျိုးသမီး | |
| ၂ | မူကြို ဆရာမ လစာ ထောက်ပံ့ပေးခြင်း | အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးရန်ဝင်းမိုင် လက်မှတ် [signature] နေ့စွဲ 12.7.2018

၃၄-

၁၁။ အစည်းအဝေးမှတ်တမ်းများ

## ပ+ဒ အကြိမ်အစည်းအဝေး

နေရာ - ပမ္မတီးအုပ်စု၊ ဝင်းလုံကျေးရွာ

**အစည်းအဝေးရည်ရွယ်ချက်။** **။ လူထုဗဟိုပြုစီမံကိန်း ပ+ဒ ကြိမ်ကျေးရွာ စီမံကိန်း မိတ်ဆက်အစည်းအဝေး၊ စီမံကိန်းစက်ဝန်း၊ ရန်ပုံငွေနှင့် လူမှုဆန်းစစ်ခြင်း ပြုလုပ်ပြီး လုပ်ငန်းခွဲ ဖော်ထုတ်ရန်။**

အစည်းအဝေးမစတင်မီ စည်းရုံးရေးမှူးများသည် ကျေးရွာလူထုကို တစ်ဦးချင်း မိတ်ဆက်ခဲ့ကြသည်။ စည်းရုံးရေးမှူး ဦးလှထွေးက မိမိတို့ စီမံကိန်းကို ကျေးရွာလူထုက မည်မျှနားလည်ကြောင်း မေးခွန်းအနည်းငယ် မေးမြန်းပြီး အစည်းအဝေးကို စတင်ခဲ့ကြသည်။ ထို့နောက် စည်းရုံးရေးမှူး ဦးလှထွေးမှ စီမံကိန်း စက်ဝန်းအကြောင်းကို ကျေးရွာလူထုထံ အသေးစိတ် ချပြရှင်းလင်းခဲ့သည်။ စီမံကိန်းစက်ဝန်းမှာ အပိုင်း(၆)ပိုင်း၊ အဆင့်(၁၄)ဆင့်ဖြင့် ဖွဲ့စည်းထားကြောင်း၊ စက်ဝန်းတစ်ပတ်ပြည့်ရင်၊ စီမံကိန်းနှစ် တစ်နှစ်ပြီးဆုံးကြောင်းကို ကျေးရွာလူထုထံ ထပ်မံရှင်းပြခဲ့သည်။ ထို့နောက် စည်းရုံးရေးမှူး ဦးဂျော်နီဆာမှ မိမိတို့ ပမ္မတီးအုပ်စု တစ်အုပ်စုလုံး ရရှိမည့် ရန်ပုံငွေအကြောင်း ရှင်းပြခဲ့သည်။ စီထောက်အမျိုးသမီးဥက္ကဌမှ ရန်ပုံငွေလည်း တိုးသောကြောင့် ဝမ်းသာမိကြောင်း၊ လုပ်ငန်းလည်း ကြီးကြီးမားမားလုပ်လို့ရတော့မှာပဲဆိုပြီး ကျေးရွာလူထုကို ပြန်ရှင်းပြခဲ့သည်။ ထို့နောက် လူမှုဆန်းစစ်ခြင်းအဖွဲ့(၂)ဖွဲ့ခွဲကာ ဆွေးနွေးတင်ပြကြသည်။ ပြီးခဲ့သောနှစ်က ဆွဲခဲ့သော မြေပုံတွေ၊ အခက်အခဲတွေ၊ မျှော်မှန်းချက်တွေဆိုပြီး စီထောက်မှ ကျေးရွာလူထုအား ရှမ်းဘာသာ စကားဖြင့် ပြောပြခဲ့ရာ အားလုံးသဘောပေါက်သွားခဲ့ကြပြီး လူမှုဆန်းစစ်ခြင်းကို တက်တက်ကြွကြွဖြင့် ပူးပေါင်း ဆွေးနွေးသွားခဲ့ကြသည်။ ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို ဦးစားပေးအဆင့်သတ်မှတ်ရန် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ အကျုံးဝင်၊ မဝင်သော လုပ်ငန်းများကို လက်ထောက်နည်းပညာမှူး ဦးမန်ဂျာတန် မင်ရမ်မှ တင်ပြရှင်းလင်းခဲ့သည်။

ထို့နောက် ကော်မတီများအပြောင်းအလဲ ရှိပါက ချိန်းနိုင်သည်။ သို့သော် အားလုံးချိန်းရမည်လို့ မဆိုလို အဆင်မပြေသော လူများသာ ချိန်းနိုင်ပါက ပိုအဆင်ပြေကြောင်း စည်းရုံးရေးမှူး ဦးလှထွေးက ပြောကြားခဲ့ရာ ၊ ချိန်းရန် မရှိသေးကြောင်း နောင်နှစ်များတွင် အပြောင်းအလဲရှိနိုင်ကြောင်း ပြောခဲ့သည်။ ထို့နောက် စည်းရုံးရေးမှူး ဦးဂျော်နီဆာမှ ကျေးဇူးတင်စကား ပြောဆိုပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

မှတ်တမ်းတင်သူ -

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား +မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ရွာတွင်းတံတားပြုပြင်ခြင်း | | | ✔ | | | |
| | ၂ | မီးလင်းရေး | ✔ | | | | | |
| | ၃ | ရွာတွင်းရေနုတ်မြောင်း | | ✔ | | | | |
| | ၄ | ရွာတွင်းလမ်းပြုပြင်ခြင်း | | | ✔ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| | ၅ | ရေတွင်းတူးခြင်း | | | ✔ | | | |
| | ၆ | လယ်တောသွားတံတား ဆောက်လုပ်ခြင်း | | ✔ | | | | |
| | ၇ | ရွာတွင်းသဲကျောက်လမ်း ခင်းခြင်း | | | ✔ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၈ | ရွာတွင်းတံတား ရေမြှုန်ပိုက် ထည့်ခြင်း | | ✔ | | | | |
| | ၉ | ရေရရှိရေး | | | ✔ | | | |
| | ၁၀ | လျှပ်စစ်မီးရရှိရေး | | ✔ | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | စာသင်ကျောင်းပြုပြင်ခြင်း | | ✔ | | | | |
| | ၂ | မူကြိုဆရာမလစာ ထောက်ပံ့ပေးခြင်း | | ✔ | | | | |
| | ၃ | KG ဆောင် | | ✔ | | | | |
| | ၄ | စာသင်ကျောင်းပြုပြင်ခြင်း | | ✔ | | | | |
| | ၅ | မူကြိုဆရာမထောက်ပံ့ငွေ | | ✔ | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | အစည်းအဝေးခန်းမ | | | ✔ | | | |
| | ၂ | မြေသြဇာထောက်ပံ့ပေးခြင်း | ✔ | | | | | |
| | ၃ | ရွာသားများဝင်ငွေရရှိသော အလုပ်အကိုင်ဖန်တီးခြင်း | ✔ | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |